# ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် အက်ဥပဒေ၏ ပုဒ်မ ၅၃ အစား၊ အောက်ပါကို၊ ပုဒ်မ ၅၃ အဖြစ်ထည့်သွင်းရမည်။

"၅၃။ ။(၁) မည်သူတဦးတယောက်မျှ၊ ဘဏ်လုပ်ငန်းအတွက် ပြည်ထောင်စုဘဏ်က ထုတ်ပေးထားသည့် လိုင်စင်မရှိဘဲ၊ ဘဏ်လုပ်ငန်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင်၊ စတင်လုပ်ကိုင်ခြင်းသော်၎င်း၊ ဆက်လက်လုပ်ကိုင်ခြင်းသော်၎င်း မပြုရ။

ဘဏ်များကိုလိုင်စင် ထုတ်ပေးခြင်း။

ခြွင်းချက်။ ။သို့ရာတွင် ၁၉၅၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် တည်ရှိနေသော ဘဏ်အားလုံးကို ချက်ခြင်းလိုင်စင်များ ထုတ်ပေးစေရမည်။

(၂) ပြည်ထောင်စုဘဏ်က ကြိုတင်ထုတ်ပေးသော ခွင့်ပြုစာမရှိဘဲ၊ ဘဏ်တခုခုသည် လုပ်ငန်းနေရာသစ် တခုကို မဖွင့်လှစ်ရ၊ သို့တည်းမဟုတ် ယက်ရှိလုပ်ငန်းနေရာမပြောင်းလဲရ။

(၃) ဤပုဒ်မပါ ကိစ္စများအလို့ငှါ၊ လိုင်စင်များထားရှိရေးအတွက်၊ သို့တည်းမဟုတ် ထုတ်ပေးရေးအတွက် စည်းကမ်းများကို၊ ပြည်ထောင်စုဘဏ်က ပြဋ္ဌာန်းရမည်။

(၄) လိုင်စင်ကို သော်၎င်း၊ ခွင့်ပြုစာကို သော်၎င်း၊ မထုတ်ပေးမီ၊ ထိုလိုင်စင်၊ သို့တည်းမဟုတ် ထိုခွင့်ပြုစာတခုခု ထုတ်ပေးခြင်းသည် အများပြည်သူ့အကျိုးအတွက်ဖြစ်မည်ဟု ပြည်ထောင်စုဘဏ်က ယူဆကျေနပ်ရမည်။ "

ရှင်းလင်းချက်။ ။ဤပုဒ်မနှင့် ပုဒ်မ ၅၄၊ ပုဒ်မ ၅၅ ပါ ကိစ္စများအတွက်—

(က) " ဘဏ် " ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်းလုပ်ကိုင်သူတဦးတယောက်ကိုဆိုလိုသည်။

အတိုး ၁၀ ပြား]

(ခ) ''ဘဏ်လုပ်ငန်း'' ဆိုသည်မှာ၊ချက်လက်မှတ်ဖြင့်သော်၎င်း၊ ငွေလွှဲစာ (draft) ဖြင့်သော်၎င်း၊ အမိန့်စာ (order) ဖြင့်သော်၎င်း၊ထုတ်ယူနိုင်သည့်အပ်ငွေများကို လက်ခံခြင်း၊ သို့တည်းမဟုတ် ဖန်တီးပေးခြင်း အလုပ်ကိုဆိုလိုသည်။''

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၅၅ အစား၊အောက်ပါကို၊ပုဒ်မ ၅၅ အဖြစ် ထည့်သွင်းရမည်။

လိုင်စင်ကို ရုပ်သိမ်းခြင်း၊ ဘဏ်လုပ်ငန်းကို ရပ်ဆိုင်းခြင်း၊ သို့တည်းမဟုတ် ကန့်သတ်ခြင်း၊ သို့တည်းမဟုတ် အခြားစီမံချက်ပြုလုပ်ခြင်း။

''၅၅။ ။(၁) ပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီးနောက်၊ ဘဏ်တခုခုသည် လိုင်စင်ထုတ်ပေးသည့် စည်းကမ်း များကို လိုက်နာရန် ပျက်ကွက် သည်ဟု ပြည်ထောင်စုဘဏ်က ယူဆကျေနပ်လျှင်၊ ထိုသို့စစ်ဆေး၍ သိရှိရသည့် ထိုဘဏ်၏အခြေအနေအရ၊ အဆိုပါ လိုင်စင်ကို ရုပ်သိမ်းရန် သော်၎င်း၊ ထိုဘဏ်၏ ဘဏ်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ ဘဏ်လုပ်ငန်း အချို့ကိုဖြစ်စေ ရပ်ဆိုင်း၊ သို့တည်းမဟုတ် ကန့်သတ်ထားရန်သော်၎င်း၊ သင့်တော်သည်ထင်မြင်သည့် အခြားစီမံချက်များပြုလုပ်ရန်သော်၎င်း ပြည်ထောင်စုဘဏ်၌ အခွင့်အာဏာရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ လိုင်စင်ရုပ်သိမ်းခြင်း ဖြစ်စေ၊ ဘဏ်လုပ်ငန်း ရပ်ဆိုင်း၊ သို့တည်းမဟုတ် ကန့်သတ်ခြင်းဖြစ်စေ၊အခြားစီမံချက် ပြုလုပ်ခြင်းဖြစ်စေ ခံရသောဘဏ်က ပြည်ထောင်စုဘဏ်၏ ဆုံးဖြတ်ချက်ကို၊ နိုင်ငံတော် သမတ ထံ အယူခံဝင်နိုင်သည်။ နိုင်ငံတော်သမတ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည် ဖြစ်ရမည်။''